**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

**ကြော်ငြာစာအမှတ် ( ၉၈/၁၉ )**

စာအမှတ်၊ တဆပ /ဆဝ /၂၀၁၉ (၅၂၃၅)

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်

အကြောင်းအရာ။ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်) ကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်စာရင်း ထုတ်ပြန်ခြင်း။**

၁။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားလာသည့် တိုင်းရင်းဆေးဝါးမှတ်ပုံတင် (အသစ်)ကိစ္စရပ်များနှင့်ပတ်သက်၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအစည်းအဝေး (၃/၂၀၁၉) ၏ဆုံးဖြတ်ချက်အရ တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်) (၁)စောင်၏ လိုအပ်ချက်စာရင်းကို ပူးတွဲပါအတိုင်း ထုတ်ပြန်ကြော်ငြာလိုက်သည်။

၂။ ဤစာထုတ်ပြန်သည့် နေ့ရက်မှစတင်၍ (၃)လ အတွင်း သက်ဆိုင်ရာ လိုအပ်ချက်များကို ပေးပို့ ဆောင်ရွက်ရန် နှင့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအစည်းအဝေး(၃/၂၀၁၉) ဆုံးဖြတ်ချက်အရ **(၆)လအတွင်း ပေးပို့ဆောင်ရွက်ခြင်းမပြုပါက ပယ်ဖျက်မည်ဖြစ်ပြီး ပယ်ဖျက်ပြီးပါက မှတ်ပုံတင်/ လိုင်စင်များ ပျက်ပြယ်ကြောင်း ကြေညာမည်ဖြစ်ပါကြောင်း** အသိပေးအပ်ပါသည်။

၃။ ဤကြော်ငြာစာအမှတ်ကို ရည်ညွှန်း၍ ပြင်ဆင်ပြီး တံဆိပ် (၃)စုံ၊ အခြားလိုအပ်ချက်များနှင့် အတူ ပိုင်ရှင် (သို့မဟုတ်) ကြီးကြပ်သူမှ လက်မှတ်ရေးထိုး၍ ပြင်ဆင်တင်ပြစာဖြင့် ပြန်လည်ပေးပို့ရမည်ဖြစ် ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(ဒေါက်တာသံလွင်ထွန်း၊ အတွင်းရေးမှူး)

ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ

မိတ္တူကို-

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်)၊တိုင်းရင်းဆေးပညာဦးစီးဌာန

သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများအားလုံး (သက်ဆိုင်ရာ လုပ်ငန်းရှင် များသို့ ဆက်လက်အကြောင်းကြားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြရန်)

ရုံးလက်ခံ/ မျှောစာတွဲ

DTM

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်) လိုအပ်ချက်စာရင်း ထုတ်ပြန်ခြင်း-(၁)မျိုး

| စဉ် | အဝင်<br>အမှတ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါး<br>ပုံစံ | ပိုင်ရှင်အမည် | လိပ်စာ | လိုအပ်ချက်များ | မှတ်<br>ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | R2-<br>46/19 | ကွန်ဖူးဆရာကြီး | ဒဏ်ကျေလိမ်းဆေး | ဆေးရည် | ဦးဇော်အောင် | အမှတ်(၃၂/၃၄)၊<br>ဒုတိယထပ်၊(၁၆)လမ်း၊<br>လမ်းမတော်မြို့နယ်၊<br>ရန်ကုန်မြို့။ | **အင်္ဂလိပ်စာအညွှန်းများအား**<br><u>Indications</u><br>Can be used for.<br>neuralgia,<br>myalgia (muscle ache & pain),<br>strain,<br>tingling & numbness,<br>back pain ,<br>knee pain,<br>arthralgia  due to injury ဟုပြင်ရန် | |

DTM